# ဒီမိုး ... ဒီရေ ... ဒီလူတွေနဲ့ ကျနော်တို့ ဘာဆက်လုပ်ကြမလဲ

သတင်းရင်းမြစ် > နေသန်မောင်
ကြာသပတေးနေ့၊ ဩဂုတ်လ ၀၆ ရက် ၂၀၀၉ ခုနှစ် ၁၇ နာရီ ၀၆ မိနစ်




လွန်ခဲ့တဲ့ ၂၁ နှစ်တုန်းက လူသိန်းပေါင်းများစွာ လမ်းမတွေပေါ်ထွက်ပြီး ဆန္ဒဖော်ထုတ်ခဲ့တဲ့ တခုတည်းသော ရည်ရွယ်ချက်က တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ဆီ ပြောင်းလဲရေးဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာပြည်ဟာ နှစ် ၂၀ အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပေမယ့် ၁၉၈၈ ခုနှစ်က ပြည်သူတွေ တောင်းဆိုခဲ့တဲ့ ဒီမိုကရေစီရှိတဲ့ နိုင်ငံရေးစနစ်တစ်ရပ် မပေါ်ထွန်းခဲ့ပါဘူး။

ဒီအတွက် တိုင်းပြည်ကို သံကွန်ခြာအထပ်ထပ် အောက်မှာထားပြီး အုပ်ချုပ်လာတဲ့ စစ်တပ်ကို သမိုင်းရဲ့ တဦးတည်းသော တရားခံအဖြစ်နဲ့ လက်ညှိုးထိုးခဲ့ကြပါတယ်။ နှစ် ၂၀ ကျော် ကြာလာတဲ့အခါ စိတ်နာလက်စ ရှိထားပြီးသားမို့ အာဏာကို မြဲမြဲဆုပ်ကိုင်ထားတဲ့ စစ်တပ်ကို ပိုပြီး စိတ်နာကြပါတယ်။

အချုပ်ပြောရင် ဘာဖြစ်လို့လဲဆိုတော့ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ထဲမှာ ပါဝင်ခွင့်မပေးဘဲ အကျဉ်းချထားတာကြောင့်ရယ်၊ နိုင်ငံရေးလုပ်ရှားတဲ့ ကျောင်းသား၊ လူငယ်၊ ရဟန်းရှင်လူ၊ ပြည်သူတွေကိုပါ ထောင်သွင်းအကျဉ်းချထားတာကြောင့် ဖြစ်ပါတယ်။

နေ့စဉ် မြန်မာပြည် ပြင်ပက ထုတ်လွှင့်နေတဲ့ ရေဒီယိုအစီအစဉ်တွေက နိုင်ငံရေးဆိုင်ရာ စကားဝိုင်းတိုင်းမှာ၊ မြန်မာ့အရေး ကျွမ်းကျင်သူတွေရဲ့ စကားလုံးတိုင်းမှာ၊ အာဆီယံနိုင်ငံတွေ အချင်းချင်းကြားမှာ ပြောနေကျ အဆုံးသတ်စကားကတော့ မြန်မာပြည်အရေးဟာ ရှေ့မတိုး၊ နောက်မဆုတ်ဖြစ်နေပြီဆိုတာကို ထပ်တလဲလဲ ပြောနေကြတာပဲဖြစ်ပါတယ်။

မြန်မာပြည်အခြေအနေဟာ ဘယ်ကိုမှ ဦးတည်မသွားဘဲ ရပ်နေပြီဆိုတဲ့ သုံးသပ်ချက်ဟာ သန်းပေါင်း ၅၀ ကျော် မြန်မာပြည်သူတွေကို စိတ်ဒုက္ခအကြီးအကျယ် ရောက်စေပါတယ်။ အားသွန်ခွန်စိုက် လှော်ခဲ့တဲ့လှေဟာ ဘယ်ကိုမှ မရွေ့ဘူးဆိုတဲ့အကြောင်း သိသွားတဲ့အခါ နောက်ထပ် လှော်ချင်စိတ်မရှိဘဲ ခြေကုန်လက်ပန်း ကျသွားစေပါတယ်။

သတင်းရင်းမြစ် > နေသန်မောင်
ကြာသပတေးနေ့၊ ဩဂုတ်လ ၀၆ ရက် ၂၀၀၉ ခုနှစ် ၁၇ နာရီ ၀၆ မိနစ်

မြန်မာပြည် နိုင်ငံရေးမှာ ဒေါ်စုလွတ်မြောက်ရေးလို့ အော်လိုက်ရုံနဲ့တင်
အသက်သာဆုံးသော နိုင်ငံရေးကို စလုပ်လို့ရနေတာဖြစ်ပါတယ်။
ဒေါ်စုကို ထောက်ခံတိုင်း ဒီမိုကရေစီဘက်တော်သား၊
အင်အားစုဖြစ်တယ်လို့ခံယူပြီး နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးမျိုးက
ဘယ်ကိုမှမရောက်တဲ့ နိုင်ငံရေးမျိုးဖြစ်တယ်။

[redacted]

ရွေးကောက်ပွဲကို ထောက်ခံတာဟာ စစ်အစိုးရကို ထောက်ခံတာနဲ့
မတူဘူးဆိုတာ နည်းဗျူဟာအရ သေသေချာချာ စဉ်းစားသင့်ပါတယ်။
ဒီမိုကရေစီအင်အားစုတွေဘက်က ကြည့်သလိုပဲ စစ်တပ်ဘက် ကလည်း
မြန်မာပြည်က ဘက်နှစ်ဘက်ရဲ့ ပဋိပက္ခဟာ ဘယ်ကိုမှ မရွေ့ဘူးဆိုတာက
လက်ခံကြပုံပေါ်ပါတယ်။

[redacted]

စကားဝိုင်းတိုင်းမှာ၊ မြန်မာ့အရေးကျွမ်းကျင်သူတွေရဲ့ စကားလုံးတိုင်းမှာ၊
အာဆီယံနိုင်ငံတွေအချင်းချင်းကြားမှာ ပြောနေကြအဆုံးသတ်စကားကတေ
မြန်မာပြည်အရေးဟာ ရှေ့မတိုး၊ နောက်မဆုတ်ဖြစ်နေပြီဆိုတာကို
ထပ်တလဲလဲပြောနေကြတာ

[redacted]